# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၅၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၅-၂၀၁၅ ] (ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးခင်မောင်သိ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ ပန်မုန့် ကျေးရွာအုပ်စု၊ နောင်ဟိုင်းရွာအဝင် သစ်သားတံတားသည် အချိန်မရွေး ပြိုကျ ပျက်စီးမည့် အန္တရာယ်ရှိနေပါ၍ သင့်လျော်သည့် တံတား တစ်စင်း တည်ဆောက်ပေးရန်နှင့် နောင်လှိုင်အရှေ့ကျေးရွာ အုပ်စုရှိ နောင်မတ်မီးရွာ သောက်သုံးရေ ရရှိရေးအတွက် စိမ့်စမ်းရေ သွယ်ယူခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကြင်သိန်း၊ ပဲခူး မဲဆန္ဒနယ်၏ **စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့ကို စစ်ဆေးခြင်းသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကျောင်းသား/ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကို တိုးတက်စေပြီး ပညာရေးစနစ်မြှင့်တင်ရေးအတွက် အထောက်အကူပြု/မပြု သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီး မဲဆန္ဒနယ်၏ **ပညာရေးဝန်ထမ်းများ ခရီးစရိတ်ပြန်လည်ထုတ်ယူရာတွင် ခရီးစရိတ်လုံလောက်ပြီး အချိန်ကြာမြင့်စေမှု မရှိစေရန်နှင့် အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့် စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု ပိုမိုအဆင်ပြေ လျင်မြန်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **သီပေါမြို့နယ် ပညာရေးမှူးရုံး အဆောက်အဦ ဆောက်လုပ်နိုင်ရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **ကျောက်တံခါးမြို့နယ်အတွင်းရှိ သူဌေးကုန်း–တောင်ခင်– အလှိုင်– ငဖယ်အင်း– စစ်တောင်းတာ လမ်းမကြီးသည် မြေသားလမ်းဖြစ်ပြီး မိုးတွင်းကာလတွင် ဗွက်ထခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပေါ်နေပါသဖြင့် မည်သည့်အချိန်တွင် ပြန်လည်ပြုပြင်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **အုတ်ဖိုမြို့နယ်ရှိ အေးမြသာယာ– ရေတာ– ဂုံညှင်းတန်း– ကဝေစု– ဆီဆုံကုန်း– ငှက်ပျောတော ကျေးရွာချင်းဆက်လမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းပေးရန်နှင့် တံတားပျက် (၄)စင်းအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **ဘားအံမြို့နယ်၊ သံလွင်မြစ် အနောက်ဘက်ကမ်း ရှေးဟောင်းသမိုင်းဝင် ရသေ့ပျံ ဂူဘုရားသို့ သွားသောလမ်းကို ကျောက်ချော လမ်းအဖြစ် ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။